# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို
# ပြင်ဆင်သည့်ဥပဒေ

# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃။)

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်အတွက်မှစ၍ အကျိုး သက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင်ပါရှိသော "ပြည်နယ် သို့မဟုတ် တိုင်းအခွန်ဦးစီးဌာနမှူး" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး ဌာနမှူး" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (ဃ) ၌ ပါရှိသော "ပြည်ထောင်စုအစိုးရက" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၆ အရ ပြည်ထောင်စုအစိုးရ အဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) ရောင်းရငွေဆိုသည်မှာ ကုန်စည်ကို လက်ငင်းဖြစ်စေ၊ ကြွေးဖြင့်ဖြစ်စေ၊ အခြားဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချ၍ရငွေ သို့မဟုတ် ရရန်ငွေကို ဆိုသည်။ ကုန်စည်ချင်း လဲလှယ်ခြင်းဖြစ်လျှင် ယင်းသို့ပြုလုပ်ရာတွင် သတ်မှတ်သည့်တန်ဖိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်ကို ထည့်သွင်းထုပ်ပိုးသော ပစ္စည်းတန်ဖိုးလည်း ပါဝင်သည်။"

(ဂ) ပုဒ်မခွဲ (တ) ၏နောက်၌ ပုဒ်မခွဲ (ထ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ထ) မြို့နယ် အခွန်ဦးစီးဌာနမှူးဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့်အခွန်ကို စည်းကြပ်ကောက်ခံရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသော ဦးစီးအရာရှိများလည်း ပါဝင်သည်။"

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၇ တွင် ပါရှိသော "ဝန်ဆောင်မှုရငွေ" ဆိုသည့် စကားရပ်ကို "ဆောင်ရွက်သည့် ဝန်ဆောင်မှု" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၈ တွင် -

(က) “ပြည်ထောင်စုအစိုးရသည်” ဆိုသည့် စကားရပ်ကို “ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ၌ ပါရှိသော “စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်အထိ” ဆိုသည့် စကားရပ်ကို “စီးပွားဖြစ် စတင်သောနေ့မှ တစ်ဆက်တည်း ၃၆ လအထိ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့တွင် ပါရှိသော “အခွန် ကျသင့်သော” ဆိုသည့် စကားရပ်အသီးသီးကို ပယ်ဖျက်ရမည်။

၈။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၄ တွင် -

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဂ) အခွန်ထမ်းတင်ပြသော စာရင်းအထောက်အထားများမှ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေကို မှန်ကန်စွာ မရရှိနိုင်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုအပ်သော အခြား သက်သေခံ အထောက်အထားများကို စိစစ်ပြီး အခွန်စည်းကြပ်ရမည်။”

(ခ) ပုဒ်မခွဲ (ဂ) ၏နောက်၌ ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဃ) အခွန်ထမ်းက နှစ်ချုပ်ကြေညာလွှာပေးပို့ရန်၊ စာရင်းအထောက်အထား တင်ပြရန် သို့မဟုတ် လာရောက်အစစ်အဆေးခံရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသော သတင်းအချက်အလက်များကို အခြေပြု၍ အခွန်ကို ခန့်မှန်းစည်းကြပ်နိုင်သည်။ အခွန်မစည်းကြပ်မီ မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးခြင်း၊ လိုအပ်သည့် သတင်းအချက်အလက်များ တောင်းယူခြင်းကို ပြုလုပ်နိုင်သည်။”

၉။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) ပြည်ပသို့ အပြီးအပိုင်ထွက်ခွာသွားမည့်သူ၊

(ခ) လုပ်ငန်းရပ်စဲသူ၊

(ဂ) ဖျော်ဖြေမှုကျင်းပသူ။”

၁၀။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၉ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) အခွန်ထမ်းက မကျေနပ်လျှင် အောက်ပါသူများထံ အယူခံဝင်နိုင်သည် -

(၁) အခွန် ကျပ်သုံးသောင်းထက် ပိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီး ဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး ဌာနမှူး၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန် ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်ဖြစ်ပြီး အခွန် ကျပ်တစ်သိန်းထက်ပိုလျှင် အခွန် အယူခံခုံအဖွဲ့၊

(၃) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်သည့် ဥပဒေရေးရာပြဿနာ နှင့် စပ်လျဉ်းလျှင် ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊"

(ခ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) အခွန်သည် ကျပ်သုံးသောင်းထက်မပိုလျှင် မြို့နယ် အခွန်ဦးစီးဌာနမှူး၏ အမိန့်သည်လည်းကောင်း၊ အခွန်သည် ကျပ် တစ်သိန်းထက်မပိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီး ဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး ဌာနမှူး၏ဆုံးဖြတ်ချက်သည်လည်းကောင်း၊ အခွန် သည် ကျပ်တစ်သိန်းအထက်ဖြစ်ပြီး ဥပဒေရေးရာ ပြဿနာ မပေါ်ပေါက်လျှင် အခွန်အယူခံခုံအဖွဲ့၏ အဆုံးအဖြတ်သည်လည်းကောင်း အပြီးအပြတ် ဖြစ်စေရမည်။"

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် -

(က) ပုဒ်မ ၂၁ ၌ပါရှိသော "တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်သည်" ဆိုသည့်

စကားရပ်ကို "တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၁-က ၌ ပါရှိသော - "ပြည်ထောင်စုအစိုးရက" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကျသင့်အခွန်၏ တစ်ဆယ် ရာခိုင်နှုန်းထက် မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်သည်" ဆိုသည့် စကားရပ်ကို "ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၂ တွင် -

(က) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) ၌ ပါရှိသော "တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အပြစ်ပေးနိုင်သည်" ဆိုသည့် စကားရပ်ကို "တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ အပြစ်ပေးနိုင်သည်" ဆိုသည့် စကားရပ်ကို "သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်

မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၇ တွင် ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ကုန်စည်တစ်မျိုးမျိုးကို ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ် ဆောင်ရွက်ခြင်းအတွက် နိုင်ငံခြားငွေရရှိလျှင် ယင်းနိုင်ငံခြားငွေအပေါ် ကျသင့်စေရမည့် အခွန်နှုန်းကို သတ်မှတ်နိုင်သည်။"

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ရငွေအမျိုးအစား တစ်ရပ်ရပ်အတွက်ဖြစ်စေ၊ အခွန်ထမ်းအမျိုးအစား တစ်ခုခုအတွက်ဖြစ်စေ ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ တောင်းခံသည့်အခါ တင်ပြနိုင်ရန် မည်သည့်အချက်အလက်များပါဝင်သည့် စာရင်းများ ထားရှိရမည်ကို အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။"

၁၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် -

(က) လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။”

၁၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၁ နှင့် ပုဒ်မ ၃၂ တို့ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)